# အသွင်ကူးပြောင်းရေးကာလအစိုးရ၊
# တိုင်းရင်းသားစုံ ပါဝင်သည့်ဆွစ်(စ်) မော်ဒယ် ဖက်ဒရယ်ကောင်စီ

အမျိုးသားညီညွတ်ရေးအစိုးရ (National Unity Government, NUG) ကို ပြင်ဆင် ဖွဲ့စည်းဖို့ အမျိုးသား ညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (National Unity Consultative Council, NUCC) အဖွဲ့ဝင်တွေအပါ အဝင် နွေဦးတော်လှန်ရေးထဲကသူတွေ အကြိမ်ကြိမ်ပြောခဲ့ကြပြီးဖြစ်ပါတယ်။ တပြိုင်နက်တည်းမှာ နွေဦး တော်လှန်ရေးရဲ့ လက်ရှိအခြေအနေဟာ ဘယ်အဆင့်ကိုရောက်နေပြီလဲ ဆွေးနွေး၊ ငြင်းခုန်မှုတွေကြား နေရ ပါတယ်။ ပကတိအခြေအနေဟာ အသွင်ကူးပြောင်းရေးကာလ ဖြစ်နေပြီလား၊ NUG ပြင်ဆင်ဖွဲ့ စည်းရေးနဲ့ အသွင်ကူးရေးကာလ အစိုးရဖွဲ့စည်းရေး အချိတ်အဆက်ရှိနိုင်မလား။ ဒါတွေဟာ နွေဦးတော်လှန်ရေးရဲ့ ပကတိ နိုင်ငံရေး အခြေအနေတွေနဲ့ ဆက်စပ် စဥ်းစား၊ ဆုံးဖြတ် လုပ်ဆောင်ရမဲ့ ကိစ္စတွေဖြစ်ပါတယ်။

## ပကတိ နိုင်ငံရေးအခြေအနေ

နွေဦးတော်လှန်ရေးရဲ့ ပကတိနိုင်ငံရေးအခြေအနေကို သိနိုင်ဖို့ ဒီမိုကရေစီပဋိညာဥ်စာတမ်း အပိုင်း(၁) အခန်း (၃) မှာ မြန်မာနိုင်ငံကို ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံအဖြစ် ဖော်ဆောင်ရေးနဲ့ ပတ်သက်တဲ့ အချက် (၁၂) ချက်ပါ လမ်းပြမြေပုံနဲ့ ချိန်ထိုးဆွေးနွေးလိုပါတယ်။ ဒီမိုကရေစီ ပဋိညာဥ်စာတမ်းကို ၂၀၂၁ ခုနှစ်၊ မတ်လမှာ ပြည် ထောင်စုလွှတ်တော် ကိုယ်စားပြုကော်မတီ (The Committee Representing Pyidaungsu Hluttaw, CRPH)၊ NUG၊ NUCC အဖွဲ့ဝင်တွေ အပါအဝင် တော်လှန်ရေးအင်အင်းစုအများအပြား အတည်ပြုခဲ့တာပါ။ အဲဒီမှာ ဖော်ပြထားတဲ့ ဖက်ဒရယ်ဒီမိုကရေစီ လမ်းပြမြေပုံပါ “အသွင်ကူးပြောင်း ရေးကာလအစိုးရ” ဆိုတာ ကို ဘယ်အချိန်မှာ ဖွဲ့စည်းမလဲ ဆွေးနွေးဖို့လည်း လိုပါတယ်။

ဒီမိုကရေစီပဋိညာဥ်စာတမ်းပါ လမ်းပြမြေပုံ (၁၂) ချက် ကတော့-

1. စစ်အာဏာသိမ်းမှု အဆုံးသတ်နိုင်ရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု ထူထောင်ရေး အတွက် စစ်အာဏာရှင်စနစ်အပါအဝင် အာဏာရှင်စနစ်မှန်သမျှ ပြုတ်ကျသည်အထိ ဝန်ထမ်းများ၏ CDM လှုပ် ရှားမှုများအပါအဝင် လူထုအထွေထွေသပိတ် လှုပ်ရှားမှုများကို အဆက်မပြတ် ဆက်လက်လှုပ်ရှား ဆောင်ရွက် နိုင်ရေး စည်းရုံးလှုံ့ဆော်ခြင်း၊ အားပေးခြင်းနှင့် ပံ့ပိုးကူညီခြင်း။
2. ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်း၍ ကဏ္ဍ အလိုက် ပူးပေါင်းဆောင်ရွက်ခြင်း။
3. နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များ ဆွေးနွေးအတည်ပြုနိုင်ရေးနှင့် ရှေ့လုပ်ငန်းစဥ်များ အကောင်အ ထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိတ်ဖက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အ စည်းများနှင့် သမဂ္ဂများ၊ အမျိုးသမီးများ၊ လူငယ်နှင့် လူနည်းစုဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဖက် လူ ထုအဖွဲ့အစည်းများ လက်တွဲဆောင်ရွက်နိုင်သည့် အခင်းအကျင်း ဖော်ဆောင်ခြင်း။
4. ဖက်ဒရယ်ဒီမိုကရေစီ ပဋိညာဉ်ကို ရေးဆွဲအတည်ပြုခြင်း။
5. ဤပဋိညာဉ်နှင့်အညီ ကြားကာလ အမျိုးသားညီညွတ်ရေးအစိုးရ (Interim National Unity Government) ဖွဲ့စည်းခြင်း၊ ဥပဒေပြုရေးနှင့် တရားရေးမဏ္ဍိုင်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း။

6. အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေး အတွက် ဘုံပန်းတိုင်တူ အင်အားစုအားလုံး ပါဝင်သော ပြည်သူ့ ညီလာခံတရပ် ခေါ်ယူကျင်းပခြင်း။
7. အာဏာရှင်စနစ် ပပျောက်ရေး၊ ၂၀ဝ၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေးနှင့် ဖက်ဒရယ် ဒီမို ကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် မဟာဗျူဟာချမှတ်၍ အကောင်အထည်ဖော် ဆောင် ရွက်ခြင်း။
8. အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခြင်း။
9. အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းခြင်း။
10. တိုင်းပြုပြည်ပြုညီလာခံ (Constitutional Assembly) ခေါ်ယူကျင်းပပြီး ဖက်ဒရယ်ဒီမိုကရေစီ ပြည် ထောင်စု ဖွဲ့ စည်းပုံအခြေခံဥပဒေ ရေးဆွဲအတည်ပြုခြင်း။
11. တိုင်းပြုပြည်ပြုညီလာခံက ရေးဆွဲအတည်ပြုထားသည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံ အခြေခံဥပဒေ ကို လူထုဆန္ဒ ခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းခြင်းနှင့် ရွေးကောက် ပွဲကျင်းပခြင်း။
12. အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဖက်ဒရယ်ဒီမိုကရေစီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေး၊ အုပ်ချုပ် ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်များကို ဖွဲ့စည်းပြီး ဖွဲ့စည်း ပုံ အခြေခံဥပဒေစနစ် (Constitutionalism) အရ လိုက်နာကျင့်သုံးခြင်း။

NUCC တာဝန်ရှိသူတွေက လမ်းပြမြေပုံထဲက အချက်(၈) ချက်ကို အကောင်အထည်ဖော်ပြီးကြောင်း ၂၀၂၃ ခုနှစ်ကတည်းက ပြောကြားလာခဲ့ပါတယ်။ ဒီမိုကရေစီ ပဋိညာဥ် လမ်းပြမြေပုံ အချက် (၉) အရ နောက် တဆင့်လုပ်ရမဲ့ နိုင်ငံရေးလုပ်ငန်းစဥ်ဟာ အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းရေး ဖြစ်နေပါတယ်။ အ သွင်ကူးပြောင်းရေးကာလအစိုးရဆိုတာ NUG မဟုတ်တဲ့၊ အသစ် ဖွဲ့ရမဲ့ အစိုးရဖြစ်တာ ပေါ်လွင်ပါတယ်။ NUG က အသွင် ကူးပြောင်းရေးကာလမှာပါ တာဝန်ယူရမယ်ဆိုယင် အချက် (၉)ကို ထည့်ရေးထားမှာမ ဟုတ်ဘူး။ အသစ်ကို ဖွဲ့ရမှာပါ။ ဒါကြောင့် အခုအချိန်မှာ ဆွေးနွေးဆုံးဖြတ်ရမဲ့ကိစ္စက "ပကတိနိုင်ငံရေး အ ခြေအနေဟာ အသွင်ကူးပြောင်းရေးကာလကို ရောက်နေပြီလား" ဆိုတဲ့ အချက်ပါ။

## အသွင်ကူးပြောင်းရေးကာလကို ရောက်နေ

လက်ရှိကာလဟာ အသွင်ကူးပြောင်းရေးကာလကို ရောက်နေပြီလို့ ပြောနိုင်တယ်။ စစ်ကောင်စီဘက်က စစ် စခန်းတွေ၊ နယ်မြေတွေ၊ မြို့တွေ ဆုံးရှုံးပြီးရင်း ဆုံးရှုံးနေတာ၊ တော်လှန်ရေးအင်အားစုတွေ ထိမ်းချုပ်တဲ့ လွတ်မြောက်နယ်မြေတွေ များလာတာ၊ လွတ်မြောက်လာတဲ့ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ တိုင်း ရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ (EAO/ERO) တွေနဲ့ တော်လှန်ရေးအင်အားစုတွေ အုပ်ချုပ်ရေး လုပ်ဆောင်နေတာ၊ NUG လက်အောက်ခံ ပ-သုံးလုံးအဖွဲ့တွေ တာဝန်ယူနေတာ၊ ပြည်သူတွေကို အမိကကျ တဲ့ ဝန်ဆောင်မှုတွေ (services) ပေးနေတာတွေဟာ လွတ်မြောက်နယ်မြေတွေမှာ အသွင်ကူးပြောင်းရေး ကာလ စတင်နေပြီဆိုတာကို ညွှန်းဆိုတဲ့ သင်္ကေတတွေ ဖြစ်ပါတယ်။ NUG အနေနဲ့လည်း ထိမ်းချုပ်နယ် မြေတွေမှာ ပြည်သူတွေအတွက် ဝန်ဆောင်မှုကျယ်ကျယ်ပြန့်ပြန့် ပေးနေတာ အထင်အရှားဖြစ်ပါတယ်။

စစ်အုပ်စုက သူ့အတွက် အသွင်ကူးပြောင်းရေးကာလို့ သတ်မှတ်ပြီး၊ ဖွဲ့စည်းမှု ပုံစံပြောင်းသွားတာ သတိချပ်သင့်တယ်။ ရွေးကောက်ပွဲနဲ့ တဆင့်တက် နိုင်ငံရေး ထိုးစစ်ဆင်နေတယ်။ ရွေးကောက်ပွဲအလွန် စစ်ဘောင်းဘီချွတ် အရပ်သားအယောင်ဆောင်အစိုးရ တက်လာပြီး နောက်တဆင့် နိုင်ငံရေး ထိုးစစ်ဆင်ပါလိမ့်မယ်။

လွတ်မြောက်နယ်မြေတွေမှာ အသွင်ကူးပြောင်းရေးကာလ ရောက်နေပြီလို့ တော်လှန်ရေးဖက်က မယူဆယင်သော်လည်းကောင်း၊ ယူဆယင်လည်း အဲဒါနဲ့ လိုက်လျောညီထွေ နိုင်ငံရေးဗျူဟာ တဆင့်တက်လှမ်း ဖို့ပျက်ကွက်ခဲ့ယင်သော်လည်းကောင်း၊ ကြီးမားတဲ့ အကျိုးအဆက် ရှိနိုင်တာကို သတိပြုသင့်ပါတယ်။

NUG ဝန်ကြီးဌာန အပြောင်းအလဲတချို့ မကြာသေးခင်က လုပ်ခဲ့တယ်။ အဲဒါဟာ ဝန်ကြီးဌာန အရေအတွက် လျော့ချရေးသာဖြစ်ပြီး NUG ပြုပြင် ပြောင်းလဲရေးမဟုတ်ပါ။ EAO/ERO ခေါင်းဆောင်တွေပါဝင်လာရေး ညှိနှိုင်းမှုမရရှိသေးဘူးလို့ ယူဆရတဲ့ ဖြေရှင်းချက်မျိုး အပါအဝင် ဖြစ်ချင်တဲ့ ပြုပြင်ပြောင်းလဲရေးလုပ်လို့ မရသေးတဲ့အကြောင်းကိုတော့ NUG ယာယီသမ္မတကြီးက ရှင်းလင်းပြောကြားထားတာလည်း ရှိပါတယ်။

အရေးကြီးတဲ့အချက်က NUG ပြင်ဆင်ဖွဲ့စည်းခြင်းနဲ့ အသွင်ကူးပြောင်းရေးကာလအစိုးရဖွဲ့စည်းခြင်း လုပ် ရာမှာ စစ်အာဏာရှင်စနစ်အလွန်မှာ ဖြစ်ပေါ်လာမဲ့ မြန်မာ့နိုင်ငံရေးစနစ်ကို မွေးဖွားပေးနိုင်မဲ့ ပြင်ဆင် ဖွဲ့စည်း မှုမျိုး ဖြစ်ဖို့ လိုပါတယ်။

## စစ်အာဏာရှင်စနစ်အလွန် မြန်မာ့နိုင်ငံရေးစနစ်

နွေဦးတော်လှန်ရေးအပြီး စစ်အာဏာရှင်စနစ်အလွန် နိုင်ငံရေးစနစ်ဟာ "ဖက်ဒရယ် ဒီမိုကရေစီစနစ်" ဖြစ်တယ်လို့ နွေဦးတော်လှန်ရေးမှာ ပါဝင်နေသူအားလုံးက တညီတညွတ်တည်း ပြောဆို လက်ခံကြပါတယ်။ အဲဒီ ဖက်ဒရယ် ဒီမိုကရေစီစနစ် ဆိုတာကို သရုပ်ခွဲကြည့်ယင် အနည်းဆုံး အောက်ပါ စံတန်ဖိုး (value) တွေ ပါတဲ့ နိုင်ငံရေးစနစ်လို့ နားလည်ရပါတယ်။

1. နိုင်ငံတော်အဆင့်နဲ့ ပြည်နယ်အဆင့် နိုင်ငံရေးမှာ ဗမာတိုင်းရင်းသားတစ်မျိုးတည်းက ကြီးစိုးလွှမ်းမိုးမှု အဆုံးသတ်ရေး၊
2. နိုင်ငံတော်အဆင့်နိုင်ငံရေး ဦးဆောင်မှုမှာ ဘယ်တိုင်းရင်းသားကမှ အသာစီးမရပဲ တိုင်းရင်းသားစုံ ဦးဆောင်မှုမှာ ပါဝင်နိုင်တဲ့စနစ်ကို ဖော်ဆောင်ရေး၊
3. လူဦးရေအနည်းအများ၊ ပြည်နယ်အရွယ်အစား အကြီးအသေးမခွဲခြားပဲ ပြည်နယ်တွေအကြား နိုင်ငံရေး အဆင့်အတန်း တန်းတူရှိရေးနဲ့ ဖက်ဒရယ်အဆင့်မှာ တန်းတူကိုယ်စားပြုခွင့်ရရေး၊
4. တိုင်းရင်းသားပြည်နယ်တွေက ကိုယ့်ပြည်နယ်အရေးကိစ္စတွေမှာ လွတ်လပ်စွာဆုံးဖြတ်နိုင်မဲ့ ကိုယ်ပိုင် ပြဌာန်းခွင့် ကျင့်သုံးရေး၊
5. ဖက်ဒရယ်နိုင်ငံတစ်ခုလုံးအတွက် သာတူညီမျှဖြစ်ရေး ထိမ်းညှိပေးရန် လိုအပ်တဲ့အာဏာတွေကိုသာ အကန့်အသတ်နဲ့ ဖက်ဒရယ်အစိုးရကို ကျင့်သုံးစေပြီး၊ ပြည်နယ်တွေကို လုပ်ပိုင်ခွင့် မြင့်မြင့်မားမား ပေးမဲ့ အာဏာခွဲဝေရေးစနစ် ကျင့်သုံးရေး၊
6. စံမှီ၊ ပေမှီ ဒီမိုကရေစီအခွင့်အရေးနဲ့ လူ့အခွင့်အရေးတွေကို ဖက်ဒရယ်နိုင်ငံ တဝှမ်းလုံးမှ ပြည်သူများ အားလုံး ကျင့်သုံးခွင့်နဲ့ ခံစားခွင့် ရရှိရေး၊

7. ပြည်သူအများနဲ့ဆိုင်တဲ့ ကိစ္စတွေ ဆုံးဖြတ်ချက်ချရာမှာ လူထုအချုပ်အခြာအာဏာပိုင်မှု (popular sovereignty) ဒီမိုကရေစီ အခြေခံမှုကို ကျင့်သုံးရေး၊ လိုအပ်ပါက သက်ဆိုင်ရာဒေသတွေမှာ လူထုဆန္ဒခံယူပွဲ (referendum) နဲ့ ဆုံးဖြတ်ရေး၊
8. ပြည်နယ်အတွင်းမှ လူနည်းစုများ (minorities within minority) ၏အခွင့်အရေးကို အမြင့်မားဆုံး ကာကွယ်ပေးရေး၊
9. အရွေးချယ်ခံ အရပ်သားနိုင်ငံရေးခေါင်းဆောင်များ၏ ဦးဆောင်မှုကို လက်နက်ကိုင်တပ်ဖွဲ့များ နာခံရေး (civilian supremacy over the military)၊
10. ဖက်ဒရယ် နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်းမရှိပဲ ပြည်နယ်တိုင်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများ ရေးဆွဲပြဌာန်းကျင့်သုံးရေး၊

အသွင်ကူးပြောင်းရေးကာလမှာ ဖွဲ့စည်းမဲ့ အစိုးရအတွက်ပဲဖြစ်ဖြစ်၊ စစ်အာဏာရှင်စနစ်အလွန်မှာ ပေါ်လာမဲ့ ဖက်ဒရယ် ဒီမိုကရေစီစနစ်မှာ ဖွဲ့စည်းမဲ့ အစိုးရအတွက်ပဲဖြစ်ဖြစ် နှိုင်းယှဉ်စဥ်းစားနိုင်စေဖို့ ဆွစ်ဇာလန်နိုင်ငံရဲ့ ဖက်ဒရယ်အစိုးရဖြစ်တဲ့ ဖက်ဒရယ် ကောင်စယ် (Federal Council) အကြောင်း တင်ပြလိုပါတယ်။

## ဆွစ်(စ) မော်ဒယ် ဖက်ဒရယ် ကောင်စယ်

ဖက်ဒရယ်နိုင်ငံတွေအပါအဝင် ကမ္ဘာ့နိုင်ငံအများစုမှာ တွေ့ရတဲ့ အစိုးရစနစ်တွေကတော့ အမေရိကန် ပြည်ထောင်စုမှာလို သမ္မတက လုပ်ပိုင်ခွင့်အာဏာအပြည့်ရှိတဲ့ သမ္မတဦးဆောင်အစိုးရ (presidential type of government)၊ ယူကေ မှာလို ဝန်ကြီးချုပ်က လုပ်ပိုင်ခွင့်အာဏာ အပြည့်အဝရှိတဲ့ ဝန်ကြီးချုပ်ဦးဆောင်တဲ့ ပါလီမန်ဒီမိုကရေစီ အစိုးရ (parliamentary type of government) နဲ့ သမ္မတနဲ့ ဝန်ကြီးချုပ်နှစ်ဦး အာဏာခွဲဝေပြီး သမ္မတက အာဏာပိုယူတဲ့ တစ်ဝက်တစ်ပျက် သမ္မတဦးဆောင် အစိုးရ (semi-presidential type of government) တွေဖြစ်ပါတယ်။ ကေနဒါမှအပ အမေရိကန်ပြည်ထောင်စုနဲ့ အမေရိကတိုက်နှစ်ခုက ဖက်ဒရယ် နိုင်ငံတွကတော့ သမ္မတဦးဆောင်အစိုးရစနစ်ကို ကျင့်သုံးကြတယ်။ ဂျာမနီ၊ ဩစတြေးလျ၊ အိန္ဒိယ၊ ကနေဒါ စတဲ့ဖက်ဒရယ်နိုင်ငံတွေမှာတော့ ပါလီမန်ဒီမိုကရေစီ အစိုးရစနစ်ကျင့်သုံးတယ်။

လေးနှစ်တစ်ကြိမ် ဆွစ်(စ)ဖက်ဒရယ်ပါလီမန် (Federal Assembly) က ရွေးချယ်ပေးရတဲ့ ဖက်ဒရယ် ကောင်စယ် (Federal Council) ဟာ ဆွစ်ဇာလန်ရဲ့ ဖက်ဒရယ်အစိုးရ ဖြစ်ပါတယ်။ ဆွစ်ဇာလန် ဖက်ဒရယ် အစိုးရစနစ်ဟာ သူ့နိုင်ငံတစ်ခုထည်းမှာသာတွေ့ရတဲ့ အစိုးရစနစ်ပါ။ ဆွစ်ဇာလန်မှာ အာဏာကုန် အပ်နှင်းခံရတဲ့ သမ္မတနဲ့ ဝန်ကြီးချုပ်ဆိုတာ မရှိပါ။ စုပေါင်းဦးဆောင်မှုစနစ်ကျင့်သုံးတဲ့ ဆွစ် ဖက်ဒရယ် ကောင်စယ်က သမ္မတတာဝန်နဲ့ ဝန်ကြီးချုပ်တာဝန်တွေကို တပေါင်းတည်း ထမ်းဆောင်ပါတယ်။ လက်ရှိ ဆွစ်(စ) ဖက်ရယ် ကောင်စယ်မှာ အဖွဲ့ဝင် (၇) ဦးရှိပါတယ်။ သူတို့အားလုံးဟာ ဝန်းကြီးအဆင့်အတန်းဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနတွေကို ဦးဆောင်ပါတယ်။ ကောင်စယ်အဖွဲ့ဝင် တစ်ဦးကို သမ္မတအဖြစ် ရွေးချယ်ပြီး တစ်နှစ်စီ အလှည့်ကျ တာဝန်ထမ်းဆောင်စေပါတယ်။ သမ္မတဆိုပေမဲ့ အုပ်ချုပ်ရေးအာဏာ အတွက်မဟုတ်ပဲ ဂုဏ်ထူးဆောင် နိုင်ငံတော်ဦးသျှောင် (ceremonial head of state) အဖြစ်သာ တာဝန်ယူ ပါတယ်။ ဝန်ကြီး (၇) ဦး ဟာ တိုင်းပြည်ထဲ အဓိကကျတဲ့ လူမျိုးအုပ်စု၊ ဒေသကြီးတွေကို ကိုယ်စားပြုတဲ့ နိုင်ငံ ရေးပါတီတွေက လာ

ကြပါတယ်။ ဘယ်လူမျိုး၊ ဘယ်ပါတီကမှ ကြီးစိုးလွှမ်းမိုးလို့ မရအောင် စီမံထားတာဟာ ဆွစ်(စ) ဖက်ဒရယ် ကောင်စယ်ရဲ့ အထူးခြားဆုံး ဝိသေသပါ။

ဆွစ်(စ) ဖက်ဒရယ် ကောင်စယ်က အုပ်ချုပ်ရေးလုပ်ဆောင်ရာမှာ အများသဘောတူ ဆုံးဖြတ်ချက် (consensus) နဲ့ လုပ်ပါတယ်။ မူဝါဒ၊ ပေါ်လစီ ဆုံးဖြတ်ချက်ချရာမှာ တံခါးပိတ်အစည်းအဝေးနဲ့ အပြန် အလှန် ညှိနှိုင်းဆွေးနွေးမှုတွေ၊ ငြင်းခုန်တာတွေ ရှိနိုင်ပါတယ်။ ဒါပေမဲ့ ဆုံးဖြတ်ချက်ချပြီဆိုယင် အဲဒီဆုံး ဖြတ်ချက်ကို အားလုံးက ကာကွယ်ရပ်တည်ပေးရပါတယ်။ ကာကွယ်ရပ်တည်ခြင်းမပြုပဲ ဆန့်ကျင်ပြောဆို လာယင် အဲဒီဝန်ကြီးဟာ ဖက်ဒရယ် ကောင်စယ်က နှုတ်ထွက်ရပါတယ်။ ဒီမူဟာ နယ်သာလန်၊ ဘယ်(လ)ဂျီ ယံ အပါအဝင် ဥရောပနိုင်ငံ တစ်ချို့မှာသာတွေ့ရတဲ့ ကွန်ဆိုဆီရေးရှင်း ဒီမိုကရေစီ (consociational democracy) စနစ်ရဲ့ နိုင်ငံရေး ဝိသေသ တစ်ခုလည်း ဖြစ်ပါတယ်။

ဆွစ်(စ) ဖက်ဒရယ် ကောင်စယ် ဖွဲ့စည်းပုံမျိုးကို ကွန်ဆိုဆီရေးရှင်း ဒီမိုကရေစီမှာတော့ မဟာညွန့်ပေါင်း အ စိုးရ (grand coalition government) လို့ ခေါ်ပါတယ်။ ပါလီမန်ဒီမိုကရေစီအစိုးရစနစ်မှာ တွေ့ရလေ့ရှိတဲ့ ညွန့်ပေါင်းအစိုးရနဲ့ မတူပါ။ ပါလီမန်ဒီမိုကရေစီစနစ်မှာက လွှတ်တော်မှာ အမတ်နေရာ (၅၀) % ကျော် အနိုင် ရတဲ့ ပါတီက အစိုးရဖွဲ့လေ့ရှိပြီး (၅၀) % မကျော်ပါက ပါတီမူဝါဒ နီးစပ်တဲ့ပါတီတွေနဲ့ ပေါင်းပြီး ညွန့်ပေါင်း အစိုးရ (coalition government) ဖွဲ့လေ့ရှိတယ်။ ပါလီမန်ဒီမိုကရေစီစနစ်မှာ ညွန့်ပေါင်းအစိုးရတွေကို ရွေး ကောက်ပွဲရလဒ်အပေါ်မူတည်ပြီး လိုအပ်မှဖွဲ့တာမျိုးပါ။ ကွန်ဆိုဆီရေးရှင်း ဒီမိုကရေစီမှာက မဟာညွန့်ပေါင်း အစိုးရကို မဖြစ်မနေ ဖွဲ့ရပါတယ်။ မဟာညွန့်ပေါင်းအစိုးရဟာလည်း ကွန်ဆိုဆီရေးရှင်း ဒီမိုကရေစီရဲ့ အရေး ပါလှတဲ့ နိုင်ငံရေး ဝိသေသတစ်ရပ်ပါ။

လူနည်းစုဗီတိုအာဏာ (minority veto) ဆိုတာကို ကျင့်သုံးပြီး အများစုက အနိုင်ကျင့်တာမျိုး မခံရအောင် စီမံထားတာဟာလည်း ဆွစ်(စ) ဖက်ဒရယ် ကောင်စယ်ရဲ့ ထူးခြားတဲ့ ဝိသေသတစ်ခုပါ။ “Democracy means majoprity rule ဒီမိုကရေစီဆိုတာ အများစု ဆန္ဒအရ အုပ်ချုပ်ခြင်း” ဆိုပြီး အနည်းစုဘက်မှာ ရှိသူတွေရဲ့ အခွင့်အရေး အမြဲတမ်း ဆုံးရှုံးနေတာမျိုး မဖြစ်ရအောင် ကာကွယ်ထားပါတယ်။ လူနည်းစုကို ဗီတိုအာဏာ ပေးတာဟာ ဒီမိုကရေစီနဲ့ ဆန့်ကျင်တယ်လို့ ထောက်ပြသူတွေရှိနိုင်တယ်။ နိုင်ငံရေးပိတ်ဆို့မှု (political deadlock) တွေဖြစ် နိုင်တယ်လို့ ပြောကြတယ်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ အမြဲတမ်း အဖွဲ့ဝင် (၅) နိုင်ငံကို ပေးထားတဲ့ ဗီတိုအာဏာဟာ (၂၀) % သော လူနည်းစုကို ပေးထားတဲ့ ဗီတိုအာဏာပါ။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ ချမှတ်သင့်တဲ့ ဆုံးဖြတ်ချက်တွေ မချနိုင်ပဲ နိုင်ငံရေးပိတ်ဆို့မှုတွေ မကြာ ခန ကြုံရတဲ့ သာဓကလည်း ရှိပါတယ်။ ဆွစ်ဇာလန်အပါအဝင် ကွန်ဆိုဆီရေးရှင်းဒီမိုကရေစီ ကျင့် သုံးတဲ့ ဥရောပနိုင်ငံတစ်ချို့မှာတွေ့ရတဲ့ လူနည်းစုဗီတိုအာဏာဆိုတာဟာ နိုင်ငံရေးပူးပေါင်းဆောင်ရွက်တဲ့ ယဉ် ကျေးမှု (culture of political compromise) မြင့်မားလို့ ကျင့်သုံးနိုင်တာပါ။ နိုင်ငံရေးပူးပေါင်း ဆောင် ရွက်တဲ့ ယဉ်ကျေးမှုမြင့်မားယင် လူနည်းစုရဲ့ သဘောထားကို အလေးပေးစဉ်းစားပြီး လူနည်းစု ပါဝင်လက်ခံ နိုင်တဲ့ ဘုံသဘောတူညီမှုကို ရှာဖွေလေ့ရှိပါတယ်။ “အများစုဖြစ်လို့ လုပ်တယ်ကွ” ဆိုတဲ့ အများစုအနိုင်ကျင့် မှု (majority tyranny) ကို ရှောင်ရှားလေ့ရှိတယ်။ ကွန်ဆိုဆီရေးရှင်း ဒီမိုကရေစီအားကောင်းတဲ့ နိုင်ငံတွေမှာ လူနည်းစု ဗီတိုအာဏာဟာ နိုင်ငံတစ်ခုအတွင်း အတူနေ မတူကွဲပြားတဲ့ အုပ်စုတွေအကြား ဘုံအကျိုးစီးပွား အတွက် နိုင်ငံရေးပူးပေါင်းဆောင်ရွက်မှု ဖေါ်ဆောင်ဖို့ ကျင့်သုံးတဲ့ နည်းနာတစ်ခုပါ။

## မြန်မာနိုင်ငံအတွက် ဖက်ဒရယ် ကောင်စယ် မဟာညွန့်ပေါင်းအဖွဲ့

မြန်မာ့ အသွင်ကူးပြောင်းရေးကာလအတွက် ဆွစ်(စ) မော်ဒယ် ဖက်ဒရယ် ကောင်စယ် လိုဟာမျိုး ဖေါ်ထုတ် လို့ ရမလား စဥ်းစားသင့်တယ်။ ဒါကို NUG ပြင်ဆင်ဖွဲ့စည်းရေးနဲ့ တပေါင်းတည်း လုပ်ဆောင်လို့ရနိုင်တယ်။ အဓိက အကြောင်းပြချက်နဲ့ အဆိုပြုချက်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

1. ဗမာမဟုတ်တဲ့ တိုင်းရင်းသားတွေဟာ မိမိပြည်နယ်အရေးကိစ္စ၊ မိမိပြည်နယ်နိုင်ငံရေးကိုသာ ဦးစားပေး ခဲ့ကြတယ်။ အဲဒါကြောင့် ဗမာတိုင်းရင်းသား တစ်မျိုးတည်းကို နိုင်ငံတော်အဆင့် နိုင်ငံရေးမှာ စိတ်ကြိုက် ချယ်လှယ်ဖို့ အခွင့်အရေးပေးထားသလိုဖြစ်ပြီး၊ တကယ်လဲ ချယ်လှယ်ခဲ့တယ်။ အဲဒါရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို တစ်နိုင်ငံလုံးက ပြည်သူတွေခံစားနေရတယ်။ နိုင်ငံတော်အဆင့် နိုင်ငံရေးမှာ ဗမာတွေ စိတ်ကြိုက်ချယ်လှယ်ခွင့်ရနေတာကို အခုအချိန်ကစလို့ ပြောင်းလဲသင့်ပြီ။
2. EAO/ERO တွေဟာ နွေဦးတော်လှန်ရေးရဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြသူတွေ နောက်ပိုင်း လက်နက်ကိုင် တော် လှန်ရေးကို ကူးပြောင်းရာမှာ အဓိက ကူညီပေးခဲ့သူတွေဖြစ်ပါတယ်။ မြန်မာစစ်တပ် ထိမ်းချုပ်မှုအောက် က မြို့တွေကိုပါ တိုက်ခိုက်သိမ်းပိုက်ပြီး စစ်ကောင်စီအောက်က လွတ်မြောက်အောင် လုပ်ပေးခဲ့သူတွေ ဖြစ်ပါတယ်။ EAO/ ERO ခေါင်းဆောင်တွေဟာ တချိန်တခါကမှ မရရှိခဲ့ဘူးတဲ့ ဗမာတိုင်းရင်းသားတွေရဲ့ ထောက်ခံမှုကို ရရှိနေပါတယ်။ ဗမာစစ်အာဏာရှင်တွေကို ဗမာတွေကပါ အပြင်းထန်ဆုံး တော်လှန် တိုက်ခိုက်နေချိန်၊ စစ်အာဏာရှင်စနစ် အားပျော့လာချိန် အခုလို အခါသမယမှာ EAO/ ERO ခေါင်း ဆောင်တွေ နိုင်ငံတော်အဆင့် (နွေဦးတော်လှန်ရေးရဲ့ နိုင်ငံရေးအလိုအရ ဖက်ဒရယ်အဆင့်) နိုင်ငံရေး ဦးဆောင်မှုမှာ စုပေါင်းပါဝင်ရပါမယ်။ တိုင်းရင်းသားစုံ (multi-ethnic) ပါဝင်တဲ့ မဟာညွန့်ပေါင်းအဖွဲ့ (grand coalition) ပုံစံနဲ့ နိုင်ငံတော်အဆင့် နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍက ပါဝင်ဖို့ အထူး သင့် တော်ပါတယ်။
3. တိုင်းရင်းသားစုံ နိုင်ငံတော်အဆင့် နိုင်ငံရေးဦးဆောင်မှုမှာ ပါဝင်ခြင်းဟာ အထက်မှာတင်ပြခဲ့တဲ့ စစ်အာ ဏာရှင်စနစ်အလွန် နိုင်ငံရေးစံတန်းဖိုးတစ်ခုဖြစ်တဲ့ "နိုင်ငံတော်အဆင့်နဲ့ ပြည်နယ်အဆင့် နိုင်ငံရေးမှာ ဗ မာတိုင်းရင်းသားတစ်မျိုးထည်းက ကြီးစိုးလွှမ်းမိုးမှု အဆုံးသတ်ရေး" ဆိုတာကို အသွင်ကူး ပြောင်းရေး ကာလမှာကတည်းက အုတ်မြစ်ချရာရောက်ပါမယ်။
4. အသွင်ကူးပြောင်းရေးကာလမှာ နိုင်ငံရေးဦးဆောင်မှုပေးမဲ့ တိုင်းရင်းသားစုံ မဟာညွန့်ပေါင်းအဖွဲ့ကို ဆွစ်ဇာလန်မှာလို "ဖက်ဒရယ် ကောင်စယ်" သို့မဟုတ် သင့်တော်ရာ နာမည်ပေးနိုင်ပါတယ်။ အနှစ်သာရ ကတော့ ဘယ်တိုင်းရင်းသားကမှ လွှမ်းမိုးခြင်းမရှိတဲ့ တိုင်းရင်းသားစုံပါတဲ့ မဟာညွန့်ပေါင်းအဖွဲ့ (multi-ethnic grand coalition) ဖြစ်နေဖို့ပဲ လိုတယ်။
5. အကြောင်းအမျိုးမျိုးကြောင့် အခုအချိန် မဟာညွန့်ပေါင်းအဖွဲ့မှာ မပါဝင်နိုင်တဲ့ EAO/ ERO တွေလည်း ရှိနိုင်ပါတယ်။ ပါဝင်နိုင်တဲ့အဖွဲ့တွေနဲ့ မဟာညွန့်ပေါင်းအဖွဲ့ကို စတင်ဖွဲ့စည်းပြီး နောက်မှပါဝင်လာမဲ့ အဖွဲ့ တွေအတွက် လမ်းဖွင့်ထားသင့်တယ်။
6. လူဦးရေများပြီး အဖွဲ့တွေလည်းများတဲ့ ဗမာတော်လှန်ရေးအင်အားစုတွေအနေနဲ့ မဟာညွန့်ပေါင်းအဖွဲ့ မှာ ပါဝင်မဲ့ပုံစံ နည်းလမ်းရှာရနိုင်တယ်။ ဖြစ်နိုင်ချေတစ်ခုက အခုပေါ်နေတဲ့ ဒေသအလိုက်ယူနစ်တွေကို အခြေခံပြီး ပူးပေါင်းပါဝင်တာမျိုးဖြစ်နိုင်တယ်။ ယူနစ်တစ်ခုတည်းက ခေါင်းစဥ်မျိုးစုံနဲ့ အဖွဲ့မျိုးစုံ ပါဝင်ဖို့

ကျိုးစားတာမျိုး ရှောင်ရှားသင့်တယ်။ မဟာညွန့်ပေါင်းအဖွဲ့မှာ ဗမာတွေက လွှမ်းမိုးတာမျိုးမဖြစ်ဖို့တော့ သေချာပေါက်လိုအပ်တယ်။

7. လက်ရှိ NUG ယာယီသမ္မတကြီးနဲ့ ဝန်ကြီးချုပ်တို့ မဟာညွန့်ပေါင်းအဖွဲ့ မှာ ပြောင်းလဲ တာဝန်ယူသင့်တယ်။ မဟာညွန့်ပေါင်းအဖွဲ့ ဟာ အသွင်ကူးပြောင်းရေးကာလမှာ နိုင်ငံရေးဦးဆောင်မှုပေးမဲ့ အဖွဲ့ဖြစ်တဲ့အတွက် လက်ရှိ NUG ယာယီသမ္မတကြီးနဲ့ ဝန်ကြီးချုပ်တို့ ပါဝင် ဖို့လိုပါတယ်။

8. အထက်စာပိုဒ်တွေမှာ "မဟာညွန့်ပေါင်းအဖွဲ့"လို့ပဲခေါ်ပြီး "အစိုးရ" ဆိုတာကိုချန်လှန်ထားတာ သတိချပ်စေချင်ပါတယ်။ အသွင်ကူးပြောင်းရေးကာလမှာပေါ်လာမဲ့ မဟာညွန့်ပေါင်းအဖွဲ့ဟာ နိုင်ငံရေးမူဝါဒပိုင်းဦးဆောင်မှုပေးရေးကို အဓိကထားပြီး၊ အကောင်အထည်ဖော်မှုအပိုင်းကို အောက်မှာဆက်လက်ဖော် ပြမဲ့ပြင်ဆင်ဖွဲ့စည်းထားတဲ့ NUG ကို တာဝန်ပေးသင့်လို့ပါ။ ဆွစ်(စ) ဖက်ဒရယ် ကောင်စယ်ဟာ တနိုင် ငံလုံး နဲ့ဆိုင်တဲ့ ပေါ်လစီတွေကို စုပေါင်းဦးဆောင်မှုစနစ်အရ ချမှတ်ပြီး၊ ကောင်စယ်ဝင်တစ်ဦးချင်းစီ ဦးဆောင် တဲ့ဝန်ကြီးဌာနအသီးသီးက အကောင်အထည်ဖော်ပါတယ်။ မြန်မာ့ အသွင်ကူးပြောင်း ရေးကာလ မဟာညွန့်ပေါင်းအဖွဲ့ကတော့ ပေါ်လစီပိုင်းဆိုင်ရာမှာ စုပေါင်းဦးမှုပေးပြီး အကောင်အထည်ဖော်မှု အပိုင်းကိုတော့ ပြင်ဆင်ဖွဲ့စည်းထားတဲ့ NUG ကို တာဝန်ပေးသင့်ပါတယ်။ ၂၀၂၁ စတင်ဖွဲ့စည်းကတည်းက NUG ရဲ့ရလဒ်တွေကို ဆက်လက်သယ်ယူဖို့နဲ့ ဆက်လက်ပါဝင်ရမဲ့ အပိုင်းကို အသိအမှတ်ပြုဖို့ လိုအပ်ပါ တယ်။ NUG ကိုလုံးဝဖျက်သိမ်းပြီး မဟာညွန်းပေါင်းအဖွဲ့ရဲ့ ပေါ်လစီတွေကို အကောင်အထည်ဖော်ဖို့ နောက်ထပ်အုပ်ချုပ်ရေးယန္တယားတွေ အသစ်ဖော်ထုတ်ဖို့ဆိုတာလည်း လက်တွေ့မကျပါ။

9. NUG ပြင်ဆင်ဖွဲ့စည်းရေးလုပ်ရာမှာ အသွင်ကူးပြောင်ရေးကာလမှာ လုပ်ဆောင်ရမဲ့ နိုင်ငံရေးလုပ်ငန်းနဲ့ပေးဆောင်ရမဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေအတွက် မဖြစ်မနေရှိရမဲ့ ဝန်ကြီးဌာနတွေကိုသာ ဆက်ထားပြီး ကျန်တဲ့ဝန်ကြီးဌာနတွေ ဖျက်သိမ်းသင့်တယ်။ နိုင်ငံရေးမူဝါဒအပိုင်းမှာ ဦးဆောင်မှုပေးမဲ့ မဟာညွန့်ပေါင်းအဖွဲ့လည်း ပေါ်လာပြီဖြစ်လို့ NUG ကို အလေးချိန်လျှော့ချဖို့လိုအပ်ပါတယ်။ ဘယ်ဝန်ကြီးဌာနတွေ ဆက်ထားပြီး၊ ဘယ်ဝန်ကြီးဌာနတွေ ဖျက်သိမ်းမလဲဆိုတာကိုတော့ NUG အတွင်းမှာ ပဲ ဆွေးနွေး၊ ဆုံးဖြတ်သင့်တယ်။ ဒါပေမဲ့ အသွင်ကူးပြောင်းရေးကာလမှာ ဆက်လက်တာဝန်ယူမဲ့ ဝန်ကြီးဌာနစာရင်းကို တော့ အသစ်ပေါ်လာမဲ့ မဟာညွန့်ပေါင်းအဖွဲ့က အတည်ပြုသင့်တယ်။

10. အသစ်ဖွဲ့စည်းမဲ့ မဟာညွန့်ပေါင်းအဖွဲ့နဲ့ ပြင်ဆင်ဖွဲ့စည်းလိုက်တဲ့ NUG နှစ်ခုပေါင်းဟာ အသွင်ကူးပြောင်းရေးကာလ နိုင်ငံတော်အဆင့် အစိုးရဖြစ်လာပါမယ်။ မဟာညွန့်ပေါင်းအဖွဲ့က နိုင်ငံရေးကို ပေါ်လစီပိုင်း အရဦးဆောင်မှုပေးဖို့ ဖြစ်ပြီး၊ NUG ကတော့ မဟာညွန့်ပေါင်းအဖွဲ့က ချမှတ်လိုက်တဲ့ ပေါ်လစီတွေကိုအကောင်အထည်ဖော်ရေးကို တာဝန်ယူဖို့ ဖြစ်ပါတယ်။ အသွင်ကူးပြောင်းရေးကာလကျော်သွားယင် အပြောင်းအလဲ လုပ်နိုင်ပါတယ်။ အသွင်ကူးပြောင်းရေးကာလမှာရေးဆွဲမဲ့ စစ်အာဏာရှင်အလွန် နိုင်ငံဖွဲ့ စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်ပါမယ်။

11. အသွင်ကူပြောင်းရေးကာလမှာ တာဝန်ထမ်းမဲ့ ယာယီ ကော်မရှင်/ ကော်မတီများ လိုအပ်ချက်နဲ့ လိုက်လျောညီထွေ ဖွဲ့စည်းသင့်တယ်။ ဥပမာ စစ်အာဏာရှင်စနစ်အလွန်ကျင့်သုံးမဲ့ နိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ လိုမျိုးပါ။

12. မဟာညွန့်ပေါင်းအဖွဲ့အတွင်းမှာ အများစုအနိုင်ကျင့်မှုကို ကာကွယ်ဖို့ လူနည်းစုဗီတိုအာဏာ ကျင့်သုံးခွင့် ကိုလမ်းဖွင့်ထားသင့်တယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရကတည်းက ကျင့်သုံးလာခဲ့တဲ့ နိုင်ငံရေး ဆုံးဖြတ်ချက် ချမှတ်မှုပုံစံဟာ Winner-take-all အနိုင်ရသူအကုန်ယူ စနစ်ပါ။ အဲဒီစနစ်ဟာ အားကြီးသူကအကုန်ယူပြီး အားငယ်သူကို ဘာမှမရတဲ့ စနစ်ပါ။ လူနည်းစုဗီတိုအာဏာဟာ အားကြီးသူက အားကြီး တိုင်း

အနိုင်မယူပဲ အားငယ်သူကို ငဲ့ရတဲ့ နိုင်ငံရေးပူးပေါင်း ဆောင်ရွက်တဲ့ ယဥ်ကျေးမှုကို မြှင့်တင်ပါ တယ်။ လူနည်းစု ဗီတိုအာဏာအထိ ကျင့်သုံးဖို့ အဆင်သင့် ဖြစ်မသေးယင် သုံးပုံနှစ်ပုံ မဟာအများစု (67 % grand majority) မျိုးကို ကျင့်သုံးနိုင်တယ်။

*13.* အသွင်ကူးပြောင်းရေးကာလအစိုးရရဲ့ လုပ်ဆောင်ချက်တွေဟာ တာဝန်ယူ၊ တာဝန်ခံမှုနဲ့ တရားဝင်မှု အမြင့်မားဆုံးရှိဖို့လိုအပ်တယ်။ အဲဒါတွေ သေချာစေဖို့အတွက် အသွင်ကူးပြောင်းရေးကာလမှာ ကျင့်သုံးမဲ့ နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ရပ် မရှိမဖြစ် လိုအပ်ပါတယ်။ ဒီမိုကရေစီ ပဋိညာဉ်စာတမ်း လမ်းပြမြေပုံ အချက် (၈) ဖြစ်တဲ့ "အသွင်ကူးပြောင်းရေးကာလ ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲခြင်း" ကို ဆောင်ရွက်ပြီးဖြစ်တယ်လို့ ဆိုတယ်။ အဲဒီလို ရေးဆွဲထားပြီးသား ဥပဒေလိုအပ်သလို ပြန်လည်မွန်းမံ၊ ပြင်ဆင်နိုင်ပါတယ်။ အသွင်ကူးပြောင်းရေးကာလ အခြေခံဥပဒေကို မဟာညွန့်ပေါင်းအဖွဲ့မှာ ပါဝင်မဲ့ EAO/ ERO နဲ့ တော်လှန်ရေးအင်အားစုတွေက တစ်ဖွဲ့ချင်းစီ သီးခြားအတည်ပြုမှုပေးသင့်တယ်။ လူထုဆန္ဒခံယူပွဲနဲ့ အတည်ပြုဖို့ဆိုတာ လက်တွေ့မကျပါ။ ကမ္ဘာ့သက်တမ်း အရင့်ဆုံး အမေရိကန်ပြည်ထောင် စုနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုလည်း ဖက်ဒရယ်စနစ်အောက်မှာ လာရောက်ပူးပေါင်းပါဝင်မဲ့ အမေရိကန် ပြည်နယ် (၁၃) ခုက သီးခြားစီ အတည်ပြုခဲ့တဲ့ ပုံစံမျိုးပါ။

*14.* အသွင်ကူးပြောင်းရေးကာလမှာ လွတ်မြောက်ပြီးဖြစ်တဲ့ ပြည်နယ်၊ တိုင်းဒေသတွေမှာ ဖက်ဒရယ် ဒီမိုကရေစီစနစ် အားကောင်းစေမဲ့ အခြေခံအုတ်မြစ်တွေ အဖြစ်နိုင်ဆုံး ချမှတ်၊ အကောင်းအထည်ဖေါ် ဆောင်ရွက်သင့်တယ်။ ဖက်ဒရယ် ဒီမိုကရေစီစနစ်နဲ့ ကွဲလွဲဆန့်ကျင်တဲ့ စနစ်တွေကို ရှောင်ရှားသင့်တယ်။

## တရားဝင်မှုနဲ့ ပတ်သက်၍

အသွင်ကူးပြောင်းရေးကာလအစိုးရဲ့ တရားဝင်မှု (legitimacy) နဲ့ ပတ်သက်လို့ တစ်ချို့က မေးခွန်းထုတ်နိုင်ပါတယ်။ တရားဝင်မှုကို အဆုံးအဖြတ်ပေးမဲ့သူတွေဟာ ပြည်သူများ သာဖြစ်ပါတယ်။ တခြားသူတွေ အဆုံး အဖြတ်ပေးလို့ရတဲ့ ကိစ္စမဟုတ်ပါ။ ၂၀၂၀ ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခံထားရတဲ့ လွှတ်တော်အမတ်တွေဟာ တရားဝင်မှုရှိပါတယ်။ တစ်ချို့က သူတို့ရဲ့ သက်တမ်းဟာ (၅) နှစ်သာ ရှိတာမို့ ၂၀၂၅ အကုန် သူတို့မှာ တရားဝင်မှု မရှိတော့ဘူးလို့ ပြောနိုင်တယ်။ ယူကရိန်း သမ္မတ ဇလန်းစကီးဟာ သမ္မတ သက်တမ်းကျော်လွန် နေပါတယ်။ စစ်အတွင်းမှာ သမ္မတ ရွေးကောက်ပွဲ လုပ်ဖို့ မဖြစ်နိုင်တဲ့အတွက် သူ့ရဲ့ သမ္မတ သက်တမ်း ကျော်လွန်မှုကို ဘယ်သူမှ မေးခွန်းမထုတ်ပါ။ သူ့ရဲ့ ဦးဆောင်မှု တောက်ပြောင်တာလဲ ပါပါတယ်။

စစ်အုပ်စုရဲ့ ရွေးကောက်ပွဲအပြီးမှာ ၂၀၂၀ အမတ်တွေ တရားမဝင်တော့ဘူးလို့ စစ် ကောင်စီထောက်ခံသူတွေ နဲ့ တော်လှန်ရေးဖက်က တစ်ချို့ ပြောလာနိုင်တယ်။ တော်လှန်ရေးက တော်လှန် ရေးလမ်းစဥ်အတိုင်း သွားမှာဖြစ်လို့ စစ်အုပ်စုဖက်က လုပ်တဲ့ ၂၀၂၅ အတုအယောင်ရွေးကောက်ပွဲနဲ့ ၂၀၂၀ ရွေးကောက်ခံ အမတ်တွေရဲ့ တရားဝင်မှုကို ချေဖျက်လို့တော့ မရဘူး။ အသွင်ကူးပြောင်းရေး ကာလအတွင်း၊ သို့မဟုတ် အသွင်ကူးပြောင်းရေးကာလအလွန်မှာ တော်လှန်ရေးဘက်တော်သားတွေ ရွေးကောက်ပွဲအသစ် လုပ်ယင်တော့ ၂၀၂၀ အမတ်တွေရဲ့ သက်တမ်းကုန်၊ တရာဝင်မှုကုန်တယ်လို့ ပြောလို့ရမယ်။

တစ်ချို့က EAO/ERO ခေါင်းဆောင်တွေဟာ De jury သဘောအရ တရာမဝင်ဘူးလို့ ပြောတာကြားရတယ်။ ဒါပေမဲ့ သူတို့ဟာ သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်/ ဒေသတွေမှာ ပြည်သူ့ထောက်ခံမှုရထားတယ်။ ဒါ

အပြင် ယနေ့ အခါမှာ ဗမာတိုင်းရင်းသားတွေရဲ့ ထောက်ခံအားပေးမှုကိုပါ ထူးထူးကဲကဲ ရရှိနေကြပါတယ်။ ဗမာနဲ့ သူတို့ တိုင်းရင်းသားပြည်သူတွေရဲ့ ထောက်ခံမှုအရ EAO/ERO ခေါင်းဆောင်တွေဟာ De facto တရားဝင်မှုရှိထားပြီး အဲဒီတရားဝင်မှုဟာ မေးခွန်းထုတ်စရာ မလိုတဲ့ အခြေအနေမှာ ရှိပါတယ်။

## အချုပ်

တော်လှန်ရေးအင်အားစုအများအပြား အတည်ပြုခဲ့တဲ့ ဒီမိုကရေစီ ပဋိညာဉ်၊ လမ်းပြမြေပုံ (၁၂) ချက်ထဲက (၈) ချက်ကို ၂၀၂၃ ကတည်းက အကောင်အထည်ဖော်ပြီးပါပြီ။ တနည်းအားဖြင့် အချက် (၉) ဖြစ်တဲ့ "အသွင်ကူးပြောင်းရေးကာလအစိုးရ ဖွဲ့စည်းခြင်း" အဆင့်ကို တက်လှမ်းဖို့ အချိန်ယူလာတာ နှစ်နှစ်ရှိပါပြီ။ အခု အသွင်ကူးပြောင်းရေးကာလ ရောက်နေပြီမို့ အသွင်ကူးပြောင်းရေးအစိုးရ ဖွဲ့စည်းဖို့ အချိန်တန်ပါပြီ။ NUG ပြင်ဆင်ဖွဲ့ စည်းရေးကို အသွင်ကူးပြောင်းရေးကာလ အစိုးရဖွဲ့စည်းရေးနဲ့ တပေါင်းတည်း လုပ်ဆောင်သင့်ပါတယ်။ အဲဒီ လိုလုပ်ဆောင်ရာမှာ စဥ်းစားသင့်တာတွေကို အထက်မှာ စုစည်း တင်ပြခဲ့ပါတယ်။ တိုင်းရင်းသားစုံပါဝင်တဲ့ မဟာညွန့်ပေါင်းအဖွဲ့ multi-ethnic grand coalition ဟာ မြန်မာ့ အသွင်ကူးပြောင်းရေးကာလအတွက် စဥ်းစားသင့်တဲ့ နိုင်ငံရေး စုဖွဲ့မှုနဲ့ ဦးဆောင်မှုပုံစံတစ်ခုပါ။ ။